**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး**

**(လတ်တလောပြဋ္ဌာန်းချက်များ)**

**အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၀)**

၁၃၅၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃ တွင် -

(က) ပုဒ်မခွဲ (၁) နှင့် (၅) တို့တွင် အသီးသီးပါရှိသော "not exceeding two years or with fine or with both" ဆိုသည့် စကားရပ်ကို "which may extend from a minimum of six months to a maximum of five years or with fine of a minimum of K. 1500 or with both" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) ပုဒ်မခွဲ (၂) တွင် ပါရှိသော "not exceeding three months or to a fine not exceeding K. 200" ဆိုသည့် စကားရပ်ကို "which may extend from a minimum of six months to a maximum of five years or to a fine of a minimum of K. 1500" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

၃။ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၄ တွင် ပုဒ်မခွဲ (၁) တွင် ပါရှိသော "a first class Magistrate or a Sub-divisional Magistrate" ဆိုသည့် စကားရပ်ကို "a Magistrate, specially empowered under section 30 of the Code of Criminal Procedure" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊